**People's Defence Force (Kalay)**

---

အမှတ် (၁၁/၂၀၂၂)

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ဖေဖော်ဝါရီလ ၂၄ ရက်၊ ၂၀၂၂ ခုနှစ်

ကလေးမြို့နယ်တောင်ပိုင်း ကြံသာရွာနှင့် ဟံသာဝတီရွာတို့တွင် တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် ယမန်နေ့ ဖေဖော်ဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် အင်အား ၆၀ ခန့်ဖြင့် မုန်တောရွာဘက်သို့ စစ်ကြောင်းထိုးလာပြီး မုန်တောရွာအတွင်း မွှေနှောက်ဖျက်စီးမှုများ လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက် မုန်တောရွာမှ အနောက်ဘက်သို့ ဦးတည်ရွေ့လျားလာရာ နံနက် ၁၁ နာရီခန့်တွင် PDF (Kalay)၊ CDF (KKG) ၊ CDF (Thantlang) ၊ RKDF နှင့် ပကဖ ပူးပေါင်းတပ်ဖွဲ့များက ကြားဖြတ်တိုက်ခိုက်ခဲ့ပါသည်။ တိုက်ပွဲဖြစ်ပွားချိန် ၂ နာရီခန့်ကြာမြင့်ခဲ့ပြီးနောက် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များ ကြံသာရွာဘက်သို့ ဆုတ်ခွာသွားခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များဘက်မှ အရာရှိအဆင့်ဟုယူဆရသူ ၁ ဦး သေဆုံးပြီး၊ အနည်းဆုံး ၅ ဦးခန့် ထိခိုက်ဒဏ်ရာရနိုင်ကြောင်း သိရပါသည်။ ပူးပေါင်းတပ်ဖွဲ့များဘက်မှ ထိခိုက်မှု မရှိခဲ့ပါ။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကလည်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် နတ်မြောင်း၊ နတ်ချောင်းမှတဆင့် ငဖား၊ ဟဲလုပ်၊ ခွေကြိမ်၊ သံဖိုရွာများသို့ဖြတ်၍ ရန်ကြီးအောင်ရွာဘက်သို့ စစ်ကြောင်းထိုးသွားရာ လမ်းကြောင်းတလျှောက်၌ အိုးအိမ်များကိုဖျက်စီးမီးရှို့ခဲ့ပြီး ငဖားရွာမှ စကားမပြောနိုင်သော ဆွံ့အနေသူ ၁ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၂ ဦးကို ဖမ်းဆီးသတ်ဖြတ်သွားခဲ့ကြောင်းလည်း သိရပါသည်။